

ကောင်းသန့်၏....

အချစ်ဘဝ ဒဿနများသည်

ဘဝအမြ

နိုးကြား

အားတ

၆၀

ID 111938209
No. 00000030
Book Catalogue
Archieve Centre
32565577769 1

# ကောင်းသန့်

# အချစ်ဘဝဒဿနများ



ကျောင်းသန့်

# အချစ်ဘဝ ဒဿနများ

ကျောင်းသန့် စာပေ

အမှတ် ၁၄၇၊ ပ-ထပ်(ဝဲ)၊ ၃၇ လမ်း(လယ်)၊
ရန်ကုန်မြို့။ ☎ ၂၇၈၃၆၈






## ရည်ညွှန်းချက်

ကောင်းသန့်၏
အချစ်ဘဝ
ဒဿနများဖြင့်
ဘဝကို တည်ဆောက်ကာ
လောကကောင်းကျိုး
ထမ်းသယ်ပိုးမည့်
တန်ဖိုးရှိသောသူများ
ဖြစ်ကြပါစေသတည်း။

**ကောင်းသန့်**

Love at first sight.
မြင်မြင်ချင်းပဲ ချစ်မိတယ်။



ရှေးရေစက်ကံ
အကြောင်းဖန်တော့
မြင်ပြန်ခဏ
နေမရဘူး
မချစ်ဖူးလို့ ရူးတော့မယ်။



Love needs no teaching.
အချစ်ဆိုတာ သင်စရာ မလိုပါ။



အချစ်ဆိုတာ
သင်စရာမလို
နဂိုဗီဇ
ပါလာကြသမို့
သူတို့လည်းပဲ ချစ်တတ်တယ်။


Love is blind.
အချစ်ဆိုတာ အကန်းပမာ။
(အချစ်မှာမျက်စိမရှိ။)



ချစ်မိပြီဆိုရင်
အပြစ်မတင်
အပြစ်မမြင်
ကိုယ်ထင်ရာ ကိုယ်လုပ်
နောက်မဆုတ်တာ ... အချစ်။



Love is lawless.
အချစ်မှာ ဥပဒေ မရှိပါ။



အချစ်မှာ
မှားတာ မှန်တာ မရှိ။
တရားတာ မတရားတာ မသိ။
အချစ်သာရှိ
ပြည့်စုံ၏။

Love levels all ranks.

အချစ်သည် အဆင့်အတန်း မခွဲတတ်ပါ။



ဆူကြံ့နိမ့်မြင့်
အဆင့်အတန်းမခွဲ
ရင်ထဲစွဲနစ်
သတ္တိဖြစ်စေတာ
အချစ်ဆိုတဲ့အရာ။




Love is free.

အချစ်ဆိုတာ အနှောင်အဖွဲ့မရှိပါ။



ချုပ်ချယ်မှုကင်း
ချစ်ခြင်းတရား
တံခါးမပိတ်
သော့မချိတ်ပါ
တိတ်တိတ်လေးသာ ရောက်လို့လာ။

To win love is to give love.
မေတ္တာပေးမှ မေတ္တာရသည်။
(အချစ်ပေးမှ အချစ်ရမည်။)



သူ့မေတ္တာလိုချင်
ကိုယ့်မေတ္တာ အရင်ပေး
ကိုယ် မပေးရင် သူ မပေး
သူ မပေးရင် ကိုယ်မရ
အပေးအယူမှုတမှ ... အချစ်။



Love and cough cannot be hidden.
အချစ်နဲ့ ချောင်းဆိုးဝေဒနာ ဖုံးကွယ်၍ မရပါ။



အချစ်ဆိုတာ
ချောင်းဆိုးဝေဒနာပမာ
ဖုံးကွယ်၍မရပါ။
သူ့ဘာသာ သူ ဖြစ်တာ
တားမြစ်၍ မလွယ်ပါ။

Love should not be a profit and loss affair.
အချစ်ဆိုတာ အရှုံးအမြတ် မတွက်သင့်ပါ။



အချစ်ကို ရောင်းကုန်ပမာ
ကွန်ပျူတာနဲ့ တွက်
အချက်အလက် ရှာဖွေ
သေချာအောင် အမြတ်ထုတ်
အဲ့ဒါ ... အချစ် မဟုတ်။



Love is fire.
အချစ်ဆိုတာ 'မီး' ... တဲ့။

မေတ္တာမပါတဲ့ အချစ်
မကြင်နာ မစာနာတဲ့အချစ်
သဝန်တို ရန်လိုတဲ့ အချစ်
အပြစ်တင် အပြစ်မြင်တဲ့ အချစ်ဟာ
စင်စစ်တော့ ... 'မီး' ပမာ။

Love sees no faults.
အချစ်သည် အပြစ်များကို မမြင်ပါ။



အပြစ်တင် အပြစ်မြင်လျှင်
အချစ်စစ် မထင်။
အပြစ်မမြင် အပြစ်မတင်မှ
ချစ်ခင် ကြင်နာသူ အစစ်
အဲ့ဒါ ... အချစ်။



Love is full of fear.
အချစ်ဆိုတာ စိုးရိမ်စိတ် အပြည့်ပါ။



မရခင်က မရမှာစိုး
ရပြီးတော့ ဆုံးရှုံးမှာစိုး
အမျိုးမျိုးစိတ်ပူ
ဘယ်သူကူလို့မှ မဖြစ်
အဲ့ဒါ ... အချစ်။



There is no true love without jealousy.

မနာလို သဝန်မတိုတတ်လျှင် အချစ်စစ် မမည်။

အချစ်စစ်ဆိုတာ
မနာလိုဝန်တို
ငြိုငြင် စိတ်ကောက် ... ပေါ့။
ချော့တော့လည်း စိတ်ပြေသွား
ပျော်စရာလေးတွေများလား။





True love is full of difficulties.

အချစ်စစ်ဆိုတာ အခက်အခဲများနှင့် ပြည့်လို့နေတာ။

အခက်အခဲမရှိတဲ့ အချစ်
အစစ် မဟုတ်သေး။
ဒုက္ခလေးတွေ တန်းစီ
ကြုံတွေ့ပြီဆိုတော့မှ
ဟုတ်ပ ဟုတ်ပ ... ဒုက္ခ ... အချစ်။

Where love is, there faith is.

အချစ်ရှိလျှင် ယုံကြည်အားကိုးမှုလည်း ရှိသည်ပင်။




ယုံကြည်အားကိုးမှု နည်းလျှင်
အချစ်လည်း ပျောက်ပျက်
မျှော်လင့်ချက်ဆုံးရှုံး
အမုန်းတံခါးခေါက်
နောက်တစ်ယောက် အဆင်သင့်။



When love puts in, friendship is gone.

ချစ်ပြီဆိုမှတော့ ခင်မင်မှုဆိုတာတွေ ထွက်ခွာသွားပေါ့။



မချစ်ခင်က ခင်မင်
ခင်မင်ပြီးမှ ရင်းနှီး
ရင်းနှီးပြီး ကြွမ်းချစ်
သံယောဇဉ် ဖြစ်မှတော့
ခင်မင်မှုဆိုတာ ... မလိုတော့ဘူးပေါ့။


True love never grows old.
အချစ်စစ်ဆိုတာ ဘယ်တော့မှ ရိုးအီသွားခြင်းမရှိပါဘူး။



အချစ်စစ်ဆိုတာ
ထာဝစဉ်ပျိုမြစ်
အသစ်တွေ ဘယ်လိုကောင်းကောင်း
အဟောင်းတလည်လည်ဖြစ်
နုပျိုသစ်နေဆဲ။



Love at the door and leave at the hatch.
အချစ်ဆိုတာ တံခါးမကြီးက ဝင်လာပြီး
မလွယ်ပေါက် ပြန်ထွက်သွားတတ်တယ်။



တံခါးမကြီးက ဝင်လာတဲ့အချစ်
အပြစ်တွေ မြင်လာတဲ့အခါ
အကြင်နာတွေ ပျက်ပြယ်
မုန်းတယ် ... မုန်းတယ်ဖြစ်
မလွယ်ပေါက်က ပြန်လစ်ပေါ့။

Can love be controlled by advice?

ဆုံးမစကားတွေနဲ့ အချစ်ကို ထိန်းချုပ်လို့ ရနိုင်ပါသလား။




အကောင်းအဆိုး
အကြောင်းအကျိုးတွေ ဝေဖန်
အကြံဉာဏ် အသစ်တွေနဲ့
အချစ်ကို သိမ်းထုပ်
ထိန်းချုပ်လို့ ရသတဲ့လား။



Love me little, love me long.


နည်းနည်းပဲ ချစ်ပါ။ ကြာကြာတော့ ချစ်နော်။



အများကြီး မချစ်ချင်နေ
မတွေဝေပါနဲ့
သာသာအေးအေး
နည်းနည်းလေး ချစ်ပါ
ကြာကြာတော့ ချစ်ပေါ့နော်။

Love rules his kingdom without a sword.

ချစ်ခြင်းမေတ္တာသည် သူ့နိုင်ငံကို ဓားတစ်ချောင်းမှ မလိုဘဲ အုပ်ချုပ်နိုင်သည်။



မေတ္တာဖြင့်သာ
စိုးမံပါက
ဘာ ဓားမျှမလို
အလိုလိုအေးချမ်း
ဘေးမသန်း ရှိလိမ့်မယ်။



All mankind love a lover.

လူသားတိုင်း (ကိုယ့်)ချစ်သူကိုတော့ ချစ်ကြပါတယ်။



လူတိုင်း လူတိုင်း
တုနှိုင်းမရ
ကိုယ့်ဘဝ ထပ်တူ
ချစ်တဲ့သူကို
မြဲမြဲမြဲ ချစ်တတ်တယ်။

Love cannot be created and destroyed.

အချစ်ဆိုတာ ဖန်တီး၍လည်း မရ၊ ဖျက်ဆီး၍လည်း မရပေ။




အချစ်ဆိုသောအရာ
သူ့ဘာသာဖြစ်ပြီး
ဖန်တီး၍လည်း မရ
ဖျက်ဆီးလို့လည်း မရ
ဆန်းလှပေစွ။



Loveless life is a living death.

အချစ်မရှိသော ဘဝသည် ရှင်လျက်နှင့် သေနေခြင်းပါပဲ။



အချစ်မရှိလျှင်
ခင်တွယ်စရာ နတ္ထိ၊ ဘာမျှမရှိ။
အသက်ရှိသော်လည်း
အသိမဲ့ကင်း
သေနေခြင်း မည်၏။

Love is Fickle.

အချစ်သည် ပြောင်းလဲသွားတတ်သည်။



အချစ်ဆိုတာ
နိုင်မာတယ် ထင်သလား။
အမုန်းတရားနဲ့
လက်တစ်လုံးပဲ ခြားလို့
ပြောင်းလဲသွားနိုင်တယ်။



Love built on beauty, as soon as beauty dies.

လှပမှုပေါ်တွင် တည်ဆောက်ထားတဲ့ အချစ်ဟာ အလှ ယိုယွင်းတော့ အချစ်ကင်းမဲ့သွားလေရဲ့။



အလှယိုယွင်းတဲ့အခါ
အချစ်ကင်းမဲ့သွားခြင်းဟာ
ရုပ်အဆင်းပေါ်မှာ
ချစ်မေတ္တာတည်ဆောက်
ဖောက်ပြန်တဲ့ သဘောပါ။

Lucky in life, unlucky in love.

ဘဝမှာ ကံကောင်းရင် အချစ်မှာ ကံဆိုးတတ်သည်။



ဘဝမှာ ကံကောင်း
ကံမကောင်းတာ အချစ်။
အချစ်မှာ ကံကောင်း
ကံမကောင်းတာ ဘဝ။

လှူ့ဒုက္ခ



It's love that makes the world go round.

ကမ္ဘာကို လည်ပတ်စေသောအရာသည် အချစ်ဖြစ်သည်။



အချစ်မပါ
ကမ္ဘာမလည်။
ကမ္ဘာလည်စေတာ
ဘာရယ် မဟုတ်
ကျွန်ုပ် ... အချစ်။

I love what nobody else love.


ဘယ်သူမှ မချစ်တဲ့အချစ်မျိုးနဲ့ (မင်းကို) ချစ်တယ်။

ဒီလိုမျိုးအချစ်
ဘယ်သူချစ်တတ်သလဲ
ကိုယ်ကလွဲရင်ပေါ့ . . . ကွယ်။
ကြင်နာမြတ်နိုး
မိုးကောင်းကင်ကြီးလို ချစ်တယ်။



Love not at the first look.


ပထမအကြိမ်တွေမြင်ရုံနဲ့ မချစ်လိုက်ပါနှင့်ဦး။



တစ်ကြိမ်တွေ့ရုံနဲ့
ယုံကြည်ပြီး မချစ်နဲ့။
အချစ်ဆိုတာ အပြစ်မမြင်ခင်ပါ။
အပြစ်မြင်ပြီဆိုရင်
ချစ်ခင်ဖို့ ဝေးပြီပေါ့။

One cannot be in love and be wise.

မချစ်ဘူးတဲ့ သူဟာ ပညာရှိ မဖြစ်နိုင်။



မချစ်ဘူးရင်တော့
သူတစ်ထူးကို မစာနာ
ရင်နာတာ သူမရှိ
ကြင်နာတာ သူမသိ
ပညာရှိ ... ဖြစ်ခဲ့ပါဘီ။



Hot love is soon cold.

သွေးပူတဲ့အချစ်ဟာ မကြာခင် သွေးအေးသွားတတ်တယ်။
(ခုမြင် ခုကြိုက်၊ ခုကြိုက် ခုကွဲ)



သူမှ သူပဲ
သွေးပူ သွေးဆူပြီးချစ်။
ရက်လအတန်ကြာတော့
ကံကြမ္မာ အနေဝေး
သွေးအေးမေ့ပစ်။

Love in the heart is better than honey in the mouth.

အသည်းနှလုံးထဲက အချစ်ဟာ နှုတ်ခမ်းပေါ်က ပျားရည်ထက် ပိုချိုမြိန်ပါတယ်။




နှလုံးသားထဲက အချစ်
ပျိုမြစ်လန်းဆန်းတဲ့အတွက်
နှုတ်ခမ်းဖျားက ပျားရည်ထက်ကို
ချိုမြိန်သတဲ့လေ။



In the beginning, all talk is love talk.

ကမ္ဘာဦးအစ စကားတွေဟာ အချစ်စကားတွေပါပဲ။





ကမ္ဘာဦးအစက
အာဒံဧဝ
ပြောကြတဲ့စကား
နားထောင်ကြည့်ပါ ... ကွယ်
ချစ်တယ် ... ချစ်တယ်တဲ့။

There is no love without hope.
မျှော်လင့်ချက် ကင်းမဲ့တဲ့ အချစ်ဆိုတာ မရှိပါဘူး။

မျှော်လင့်ချက် ကင်းမှတော့
ရင်တွင်းက အချစ်
ကြွင်းကျန်ရစ်မတဲ့လား။
ခံစားကြည့်ပါဦး။



Faults are thick when love is thin.
အချစ်တွေ လျော့ပါးသွားတဲ့အခါ အပြစ်တွေ များလာတတ်ပါတယ်။
(မုန်းလျှင်အပြစ် ချစ်လျှင်အကျိုး)

မုန်းလျှင်အပြစ်၊ ချစ်လျှင် အကျိုး
မြွတ်နိုးတော့ သဒ္ဒါ။
စေတနာ မပါရင်တော့
မကြင်နာတဲ့ အချစ်
အပြစ်ချည်းပဲပေါ့။

Love is a lottery.

အချစ်ဆိုတာ 'ထီ' လိုပါကွယ်။

အချစ်ဆိုတာ
ဗလာမဲများပြီး ပေါက်မဲနည်းတဲ့
'ထီ' နဲ့တူတယ်။
ဒီတစ်ခါ မပေါက်လည်း
နောက်တစ်ကြိမ် ကံစမ်းခွင့်ရှိပါတယ်။



Love is like wild flowers.

အချစ်ဆိုတာ ပန်းရိုင်းပွင့်လေးတွေလိုပါပဲ။

အချစ်ဆိုတာ
နေရာတိုင်းမှာ တွေ့နိုင်တဲ့
ပန်းရိုင်းပွင့်လေးပမာ
အလေ့ကျပေါက်တတ်တာ။

Love and hate are the lines of a circle.

အချစ်နဲ့ အမုန်းဟာ စက်ဝိုင်းတစ်ခုရဲ့ အနားသတ်မျဉ်းတွေပါပဲ။



စက်ဝိုင်းတစ်ခုရဲ့ အနားသတ်မျဉ်းဟာ
ချစ်ခြင်း မုန်းခြင်းဆိုရင်
ချစ်ခင်ကြင်နာပြီး
နာကြည်းမုန်းတီးရတတ်၏။



Love is sweet and bitter.

အချစ်ဆိုတာ ချိုမြိန်ခါးသက်ခြင်းပါပဲ။

ချိုမြိန်ခါးသက်ခြင်းရဲ့ အရသာ
ဘာနဲ့မှ မတူဘူး။
အရူးအမူးဖြစ်တတ်တယ်။
အဲ့ဒါ အချစ်တဲ့ ... ကွယ်။

When poverty comes in at the door love flies out of the window.

ဆင်းရဲခြင်းက တံခါးမကြီးက ဝင်လာတဲ့အခါ အချစ်က ပြူတင်းပေါက်မှ ပျံသန်းသွားသတဲ့။

တံခါးမကြီးက ဝင်လာတဲ့ ဆင်းရဲခြင်းကြောင့်
ပြူတင်းပေါက်က လစ်ထွက်ပြေး
အချစ် ငှက်ကလေးပေါ့။




Love is not for keeping
but for giving to someone.

အချစ်ဆိုတာ သိမ်းဆည်းထားရန် မဟုတ် တစ်စုံတစ်ဦးကို ပေးလိုက်ဖို့ပါပဲ။

အချစ်ဆိုတာ ရင်မှာခံစား
သိမ်းထားဖို့ မဟုတ်။
ကိုယ်ချစ်ခင်သူလေးသို့
ပေးဖို့အထုပ်။

Love sought is good
but unsought is better.
ရှာဖွေရတဲ့ အချစ်ဟာ ကောင်းပါတယ်။
ဒါပေမယ့် ... မရှာဖွေဘဲ ရတဲ့အချစ်က ပိုကောင်းတယ်။



အချစ်ဆိုတာ ဖွေရှာရင် အလွန်မော
ဖွင့်ပြောရင် မသေချာ
မရေရာတဲ့ အဖြစ်
မဖွေရှာတဲ့အချစ်က ပိုကောင်းတယ်။



Pity is a sign of love.
သနားခြင်းဟာ ချစ်ခြင်းရဲ့ သင်္ကေတ။



ချစ်ခြင်းအစ
သနားခြင်းက ... တဲ့
သနားကြင်နာ တွယ်တာမြတ်နိုး
အားကိုးချစ်ခင် သံယောဇဉ်ဖြစ်
သိပ် ... သိပ် ... ချစ်သတဲ့။


Love is to conquer selfishness.
ချစ်ခြင်းမေတ္တာဆိုတာ အတ္တဆန်တာကို
အောင်နိုင်ဖို့ပါပဲ။



အတ္တအရင်းခံတဲ့ ချစ်မေတ္တာဟာ
စစ်မှန်ခြင်း မရှိ။
အတ္တကို တွန်းလှန်မှ
ချစ်မေတ္တာ မှန်၏။



It is nice to be loved.
အချစ်ခံရတာ ကောင်းပါတယ်။



ကိုယ်ချစ်တိုင်းလည်း သူက ပြန်မချစ်
သူချစ်တိုင်းလည်း ကိုယ်က ပြန်မချစ်
အချစ်ဆိုတာ အလွန်ဆန်းကျယ်
တကယ်မလွယ်တဲ့ အဖြစ်မို့
အချစ်ခံရတာပဲ ကောင်းပါတယ်။


Love is like a flower plant.
အချစ်ဆိုတာ ပန်းပင်တစ်ပင်လိုပါပဲ။



ကြွေတဲ့အခါ ကြွေ
ဝေတဲ့အခါ ဝေ။
လန်းတဲ့အခါ လန်း
နွမ်းတဲ့အခါ နွမ်း
ဘာဆန်းပါသလဲကွယ်။



Love hides ugliness.
အချစ်သည် အရုပ်ဆိုးတာကို ကာကွယ်ပေး၏။



အချစ်သည် ချစ်သူကို အပြစ်မမြင်
ကိုယ်ထင် ကုတင်ရွှေနန်း
ကိုယ်နမ်းလျှင် တော်ဝင်ပန်း
စွဲလန်းချစ်ခင် ထင်တတ်၏။

True life is only love.
စစ်မှန်တဲ့ ဘဝဟာ ချစ်ခြင်းမေတ္တာပါပဲ။



မေတ္တာကင်းမဲ့
ချို့တဲ့နေလျှင်
စစ်မှန်ပျော်ရွှင်တဲ့ ဘဝ
ရ ... မတဲ့လားကွယ်။



Could love for ever
run like a river?
စီးဆင်းနေတဲ့ မြစ်တစ်စင်းလို
အမြဲတမ်း ချစ်နေနိုင်မလား။



မြစ်တစ်စင်းနှင့် ချစ်ခြင်း
စီးဆင်းပုံမတူ
ဘယ်သူက ဖြောင့်တန်း
မခန့်မှန်းနိုင်ဘူးလေ။

Nothing can kill love.
ဘယ်အရာကမှ ချစ်ခြင်းမေတ္တာကို သတ်မရပါ။



ချစ်ခြင်းမေတ္တာဆိုတာ
ထာဝစဉ် ရှင်သန်၏။
ဘယ်လိုပင် သတ်သော်လည်း
သေနိုင်ခဲ့ဘိ။




Love is strange.
အချစ်ဆိုတာ ထူးဆန်းသည်။



အချစ်ဆိုတာ ထူးဆန်း
ရှုးနှမ်းနှမ်း နိုင်တတ်တယ်။
မှန်းသလို မဖြစ်ဘဲ
အရမ်းကို အချစ်သည်းတတ်ရဲ့။

Anybody can be a poet because of love.

အချစ်ကြောင့် မည်သူမဆို ကဗျာဆရာဖြစ်နိုင်တယ်။




နှလုံးသားမှာ အချစ်
ဖြစ်တည်လာတဲ့အခါ။
ကဗျာဆရာဆိုတာ
ဖြစ်လာတတ်ပါတယ်။



Love cannot be bought.


ချစ်ခြင်းမေတ္တာကို ဝယ်၍ မရပါ။



ဤကမ္ဘာလောကမှာ
ဝယ်၍မရသောအရာ။
မေတ္တာတရားဆိုတာ
ခံစားနားလည်ပါ။

## Love is strength.

အချစ်ဆိုတာ ခွန်အားပဲ။



ရှင်သန်ပျိုမြစ်
အချစ်ရှိတဲ့ အခါ။
ဘာမဆို အကုန်ဖြစ်
အချစ်က ဖန်တီးမှာ။
အချစ်ဆိုတာ ခွန်အား
တွန်းအားတစ်ခုပါ။



## Love laughs at locksmiths.

အချစ်သည် သော့ပြင်ဆရာကို ရယ်မောသည်။



အချစ်ဆိုတဲ့အရာ
သော့ခတ် သိမ်းထားလို့ မရပါ။
သော့ပြင်ဆရာခေါ်လည်း
အပိုပဲပေါ့။

When love has gone out of your heart, hate is ready to enter it.

အချစ်က နှလုံးသားထဲက ထွက်သွားသောအခါ အမုန်းက နေရာယူဖို့ အဆင်သင့်ပါ။



နှလုံးသား တစ်နေရာ
အမုန်းမလာပါစေနဲ့။
ဘာပဲဖြစ်ဖြစ်။
အချစ် ... ထွက်မသွားစေနဲ့နော်။



Nobody can make the world peace without love.

မေတ္တာမပါဘဲ မည်သူမျှ ကမ္ဘာကြီးကို ငြိမ်းချမ်းအောင် မလုပ်နိုင်ပါ။



မေတ္တာပန်းများ နွမ်းတဲ့အခါ
ကမ္ဘာကြီးမှာ မငြိမ်းချမ်းပါ။
ကမ္ဘာကြီး ငြိမ်းချမ်းစေ
မေတ္တာပန်းတွေ လန်းပါစေ။


Don't play with love, it is dangerous.
အချစ်နဲ့ မကစားပါနဲ့ အန္တရာယ်ရှိတယ်။



အချစ်ဆိုတာ ကစားစရာမဟုတ်။
အမှားပါလျှင် နှုတ်လို့မလွယ်
အန္တရာယ်ရှိနိုင်တယ်။
သတိထားပါကွယ်။



A man has choice to begin love,
but not to end it.
လူတစ်ယောက်က အချစ်ကို စတင်ခွင့်ရှိပေမယ့်
အဆုံးသတ်ခွင့်တော့ မရှိပါဘူး။



စတင်ခွင့်သာရှိပြီး
အဆုံးသတ်ခွင့် မရှိတာ
အဲ့ဒါအချစ် ... လေ။
သိနေတယ် ... မို့လား။

Life is sweet.
ဘဝဆိုတာ ချိုမြိန်သည်။

ဘဝတာတိုတိုမှာ
ရသာချိုချိုလေးတွေ
ရှာဖွေခံစား
အသိတရားနဲ့ နေ
အသေဖြောင့်ပါစေ။



# L I F E

## ဘဝဒဿနများ

Life is not an empty dream.
ဘဝဆိုတာ ဗလာအိပ်မက် မဟုတ်ပါ။



ပေါက်မဲ မပါတဲ့
ဗလာအိပ်မက်ဟာ
ဘဝ မဟုတ်ပါ။
ဘဝဆိုတာ
သေချာရေရာတဲ့ နေရာ။



While there is life there is hope.
ဘဝဆိုတာ ရှိနေသမျှ မျှော်လင့်ခြင်းဆိုတာ ရှိနေတယ်။



ရှင်သန်ခြင်းဆိုတာ ဘဝ
ဘဝဆိုတာ မျှော်လင့်ခြင်း
အသက်ရှင်ခြင်းရဲ့ အဓိပ္ပာယ်
ကြိုတင် ... သိပါကွယ်။

## Life is nothing but a struggle.
ဘဝဆိုတာ ဘာမျှမဟုတ် ရုန်းကန်ခြင်းသာ ဖြစ်၏။



ဘဝဆိုတာ ဘာမျှမဟုတ်
ရုန်းကန်ကြိုးစားပြီး
သေခြင်းတရားဆီ
သွားနေကြတာပဲ မဟုတ်လား။



## Life is made of little things.
အသေးအဖွဲလေးတွေ စုစည်းထားတာဟာ ဘဝပဲ။



တစ်စစီ တစ်စစီ ပြန့်ကျဲ
အသေးအဖွဲလေးတွေ
တကွဲတပြားစီ မဖြစ်
ကျစ်လစ်စုစည်းထားတာ ဘဝ ... တဲ့။

Life is made up of tears and laughters.

ဘဝဆိုတာ ငိုခြင်းနှင့် ရယ်ခြင်းပေါင်းစပ်ထားသည့်နေရာ။



ငိုခြင်းနှင့် ရယ်ခြင်းပေါင်းစပ်
အလွမ်းအသော ဇာတ်တွေကို
မရပ်မနား ကပြနေကြရတာ
လူ့ဘဝဆိုတဲ့ ဒီနေရာ။



Life is a comedy.

ဘဝဆိုတာ ပျော်စရာ။



ဘဝဆိုတာ ပျော်စရာ
မတော်တာ လုပ်ဖို့ မဟုတ်ပါ။
အလုပ်လုပ်ရင်း ပျော်ရွှင်
ပျော်ရွှင်ရင်း အလုပ်လုပ်ဖို့ နေရာ။

Life is a poem.
ဘဝဆိုတာ ကဗျာတစ်ပုဒ်ပါပဲ။



ဘဝဆိုတာ
ကဗျာတစ်ပုဒ်ဆိုရင်
လိုချင်နှစ်သက်ရာ
ကဗျာတစ်ပုဒ်ပဲ ဖြစ်ပါစေ။



Life is a tragedy.
ဘဝဆိုတာ အလွမ်းဇာတ်ပါ။



အငိုနှင့် စ
အငိုနှင့် ဆုံးပြီး
လုံးပါးပါး သွားကြရတာ
အဲ့ဒါ ... ဘဝပါ။

## Life is love.
## ဘဝဆိုတာ ချစ်ခြင်းမေတ္တာ။



လူ့ဘဝရဲ့ အနှစ်သာရဟာ
ချစ်ခြင်းမေတ္တာပါပဲ။
လူတကာနှင့် ချစ်ခင်
ပျော်ရွှင်စွာ နေတတ်ရမယ်။




## Life is time.
## ဘဝဆိုတာ အချိန်။



အချိန်ဆိုတာ ဘဝ
ဘဝဆိုတာ အချိန်ဆိုရင်
ကိုယ့်ကိုကိုယ် မလိမ်နဲ့
အချိန်ကို လေးစား
တန်ဖိုးထားတတ်ပါစေ။

Life is a dream.

ဘဝဆိုတာ အိပ်မက်ပမာ။



အိပ်မက်ပမာ
မရေရာတဲ့ ဘဝမှာ
ဘာကိုစွဲလန်း
တမ်းတနေရဦးမှာလဲ။



Life is a race

ဘဝဆိုတာ ပြိုင်ပွဲတစ်ခုပါ။



ဘဝဆိုတာ ပြိုင်ပွဲတစ်ခုဆိုရင်
ပါဝင်ယှဉ်ပြိုင်
အောင်နိုင်သူ ဖြစ်ရမယ်။

Life is money.

ဘဝဆိုတာ ငွေပဲလေ။



ဘဝဆိုတာ ငွေဆိုရင်
ပေးဝေငှလို့ ပျော်ရွှင်
ဘဝအမြင် မှန်ပါစေ။



Life is giving.

ဘဝဆိုတာ ပေးဆပ်ခြင်း။



ပေးဆပ်နေရတဲ့ ဘဝကို
ကျေနပ်ပျော်ရွှင်
ခုံမင်နှစ်သက်နိုင်ပါစေ။

Life is to know the truth.

ဘဝဆိုတာ အမှန်တရားကို သိမြင်တတ်ဖို့ပါပဲ။

(သစ္စာတရားကို သိမြင်ခြင်းဟာ ဘဝ။)



အမှန်တရား သိမှ
ဘဝဆိုတာ အဓိပ္ပာယ်ရှိ။
အဓိပ္ပာယ်ရှိတဲ့ ဘဝ
ရကြ စေချင်တယ်။



Life is a school.

ဘဝဆိုတာ ကျောင်းတစ်ကျောင်း။



ဘဝဆိုတာ ကျောင်းတစ်ကျောင်း
သင်ယူဖို့ကောင်းတယ်။
အကောင်းအဆိုး အကြောင်းအကျိုးတွေကို
ကြိုးစားပြီး လေ့လာပါကွယ်။

Life is like a taxi.
ဘဝဆိုတာ အငှားကားတစ်စီးလိုပါပဲ။



အငှားကား တစ်စီးလို
ခရီးကြုံသွားကြရ
နားမနေရတာ ဘဝလားကွယ်။




Life is a short story.
ဘဝဆိုတာ ဝတ္ထုတိုတစ်ပုဒ်ပါ။



ဘဝဆိုတာ ဝတ္ထု တစ်ပုဒ်ဆိုရင်
ဇာတ်ကွက် ဇာတ်လမ်းနဲ့
အလွမ်းဝတ္ထု မဖြစ်စေချင်။


Life is a duty.
ဘဝဆိုတာ တာဝန်ပါ။



ဘဝရဲ့ တာဝန်တွေ
ကျေပွန်အောင် ဆောင်ရွက်ဖို့
အသက်ရှည်ရှည် နေခွင့်ရပါစေ။



Life is not a morning rose.
ဘဝဆိုတာ နံနက်ခင်း နှင်းဆီပန်း မဟုတ်။



နံနက်ခင်း နှင်းဆီပန်းလို
အမြဲတမ်း လန်းဆန်းမနေဘဲ
နွမ်းတဲ့အခါ နွမ်း လန်းတဲ့အခါ လန်းတဲ့
ဘဝဆိုတဲ့ ပန်းကလေး။

There is no life without hope.
မျှော်လင့်ချက် ကင်းမဲ့တဲ့ ဘဝဆိုတာ မရှိပါဘူး။



အသက်ရှင်ခွင့် ရှိသေးရင်
မျှော်လင့်ခြင်းဆိုတာလည်း
ရှိနေတာပါပဲ။
မျှော်လင့်ချက်နဲ့ အသက်ရှင်နေကြရတာ
ဘဝဆိုတာ ပါပဲကွယ်။



Life is to win the difficulties.
ဘဝဆိုတာ အခက်အခဲများကို အောင်မြင်ကျော်လွှားဖို့ပါ။



အခက်အခဲ အတားအဆီးတွေကို
မငြီးမငြူ ကျော်ဖြတ်သွားရမှာက
ဘဝဆိုတဲ့ တိုက်ပွဲ
အောင်ပွဲ ခံနိုင်ရမယ်။

Life is full of struggles.

ဘဝဆိုတာ ရုန်းကန်မှုများနှင့် ပြည့်နှက်လို့နေတာ။



ခက်ခဲကြမ်းတမ်းစွာ
ရုန်းကန်နေကြရတဲ့ ဘဝမှာ
မာနတွေထောင်
ဒေါသတွေ တောက်လောင်ပြီး
ပူလောင် မနေပါနဲ့ကွယ်။



Life may not be a path made of flowers.

ဘဝဆိုတာ ပန်းခင်းလမ်း မဟုတ်။



ဘဝဆိုတာ
ပန်းခင်းလမ်းပဲ ဖြစ်ဖြစ်
ဆူးခင်းလမ်းပဲ ဖြစ်ဖြစ်
ဖြတ်သန်းရင်ဆိုင်
အောင်နိုင်သူ ဖြစ်ရမယ်။

Life is an incurable disease.

ဘဝဆိုတာ ကုလို့မရတဲ့ ရောဂါတစ်မျိုးလို့ ဆိုပါတယ်။



ကုလို့ မရတဲ့ ရောဂါတစ်မျိုးကို
ဘဝလို့ဆိုရင်
မသေခင် ပျော်ရွှင်စွာနေသွားမယ်။



Life is a tale told by an idiot.

ဘဝဆိုတာ အရူးပြောတဲ့ ပုံပမာ။



ဘဝဆိုတာ
အရူးပြောတဲ့ ပုံပမာ
ယောင်ချာချာ ဖြစ်တတ်သတဲ့။
ကိုယ့်ဘဝ ကိုယ်ထူထောင်
အရူးကြောင်ကြောင် မလုပ်နဲ့။

There is no life without desire.

အလိုဆန္ဒ ကင်းမဲ့တဲ့ ဘဝဆိုတာ မရှိပါဘူး။




ဘဝရှိသမျှ
ဆန္ဒဆိုတာ ရှိနေဆဲ။
ဘဝ ငြိမ်းသေမှ
ဆန္ဒတွေ ကြွေစမြဲ။



Life is like music.

ဘဝဆိုတာ ဂီတသံပမာ။



ဘဝဆိုတာ ဂီတသံပမာ
တီးခတ်သူအပေါ် မူတည်တာ။
ကြမ်းရမ်းစွာ တီးခတ်သွားရင်
ဆူညံစွာ ကြားရမှာ။
နူးညံ့စွာ တီးခတ်သွားရင်
ချိုသာစွာ ကြားရမှာ။

No one wants a rough life.

ကြမ်းတမ်းတဲ့ ဘဝကို ဘယ်သူမှ မလိုချင်ပါ။

ဆင်းရဲမွဲတေ သေလုဆဲ ဘဝ
မရ မယူ ဘယ်သူ လိုချင်မလဲလေ။



Life is not easy to live for poor.

ဘဝဆိုတာ ချို့တဲ့အားနည်းသူတွေ အတွက်တော့ ရှင်သန်ဖို့ မလွယ်ကူပါ။



လူချင်းမတူ သူချင်းမမျှ
ဒုက္ခိတတွေ အတွက်တော့
အသက်ရှင်သန်ရတာ ခက်ခဲမှာပါ။
စာနာစိတ်နဲ့ ကူညီပါ။

Let me have a chance to choose the present life.

သာယာတဲ့ ဘဝလေးကို ရွေးချယ်ခွင့် ရပါရစေ။



သာယာတဲ့ ဘဝလေး
ရွေးချယ်ခွင့်ပေးပါ။
အေးချမ်းတိတ်ဆိတ်
ဘုရားရိပ်မှာ
စိတ်ပုတီးနဲ့ နေချင်တယ်။



Life is under the control of unseen fate.

ဘဝဆိုတာ မမြင်သာတဲ့ ကံကြမ္မာရဲ့ ထိန်းချုပ်မှုအောက်မှာပါ။



ကံကြမ္မာဆိုတာ
မမြင်ကွယ်ရာက
အသေအချာ စီမံ
နာခံအောင် ဖန်တီးတတ်တယ်နော်။

Life begins at forty.

ဘဝဆိုတာ အသက် ၄၀ မှ စတာပါ။



အသက်လေးဆယ်ဆိုတာ
ဘာမဆို လုပ်နိုင်ပါသေးတယ်။
ဘဝကို ပြန်စရင်တောင်
နောက်မကျသေးတဲ့ အရွယ်။



Life is combined with love and hate.

ချစ်ခြင်း မုန်းခြင်း ပေါင်းစပ်ထားခြင်းဟာ လူ့ဘဝပါ။



အမုန်း အချစ်တွေနဲ့
ဖြစ်တည်နေတာ ဘဝ။
ချစ်လိုက် မုန်းလိုက်နဲ့
စိတ်အလိုလိုက်ပြီး
မိုက်နေကြတာက လူ။

Life is a rough and stormy journey on an unknown sea.

ဘဝဆိုတာ ကမ်းမမြင်တဲ့ ပင်လယ်ပြင်ထဲက ကြမ်းတမ်းပြီး မုန်တိုင်းထန်တဲ့ ခရီးတစ်ခုပါပဲ။



ပင်လယ်ခရီးလမ်း
ကြမ်းတမ်းရိုင်းစိုင်း
မုန်တိုင်းထန်သတဲ့။
ဘဝနဲ့ အတော်တူတယ်။



You live your life and I will live mine.


မင်းလည်း မင်းဘဝနဲ့ မင်း၊ ငါ့ဘဝနဲ့ ငါ။



မင်းနဲ့ ငါ၊ ကံကြမ္မာ မတူမျှလို့
ဘဝတွေ အနေကွဲသော်လည်း
ရင်ထဲမှာ ဘယ်မမေ့
တွေ့ချင်နေဆဲ။

The ways of life are never shaped fo our pleasure.

ဘဝ လမ်းခရီးဆိုတာ တို့ရဲ့ ပျော်ရွှင်မှုအတွက် ပုံဖော်ထားတာမျိုး မဟုတ်ပါဘူး။



ဘဝခရီးလမ်း ဆိုတာ
ပန်းကြဲတဲ့ ဖဲမွေ့ယာ
ကတ္တီပါ ကော်ဇောခင်း
နဲ့သာ မသင်းပါဘူးကွယ်။



Life is full of second chances.

ဘဝမှာ (ဒုတိယအကြိမ် ပြန်ရနိုင်တဲ့) နောက်ထပ် အခွင့်အရေးတွေ အများကြီးပါပဲ။



တစ်ကြိမ်ရှုံးရုံနဲ့ စိတ်ကုန်မသွားသင့်ဘူး။
အခွင့်အရေးဆိုတာ
အခါခါ အထပ်ထပ်
ပြန်ရတတ်ပါသေးတယ်။

Life is not all you want.
ဘဝဆိုတာ မင်းဖြစ်ချင်တာ လိုချင်တာချည်း မဟုတ်ဘူး။



ဘဝဆိုတာ
မင်း လိုချင်တာချည်း မရှိ။
မင်း မကြိုက်တာတွေ
မင်း မဖြစ်ချင်တာတွေ
ပေါင်းစုနေ၏။



Making money is life.
ငွေကို ရှာဖွေနေခြင်းဟာ ဘဝတဲ့။



ဘဝဆိုတာ
ငွေရှာခြင်း သက်သက်လား။
တစ်ခြား ဘာတွေရှိ
သိချင်နေသေး၏။

There is life, there is hope.

ဘဝရှိရင် မျှော်လင့်ခြင်းလည်း ရှိတယ်။

ဘဝတစ်မျှင်
ကျန်ရှိ နေသေးလျှင်
ရှင်သန်နိုင်ခွင့် မျှော်လင့်စရာ
ရှိနေတယ်ဆိုတာ ... ယုံ။



Build your life under the sun.

နေရောင်အောက်မှာသာ ဘဝကို တည်ဆောက်ပါ။

လရောင်အောက်မှာ
ချစ်သူကို ရှာချင်ရှာ။
ဒါပေမယ့် ...
နေရောင် အောက်မှာသာ
ဘဝကို တည်ဆောက်ပါ။


May your life be happy and peaceful.
မင်း ဘဝ ပျော်ရွှင်ငြိမ်းချမ်းပါစေ။



မင်း ဘဝ ပျော်ရွှင်ငြိမ်းချမ်း
ပန်းလို မွှေးပါစေ
စမ်းလို အေးပါစေ။



Do love life, never hate it.
ဘဝကို ချစ်ပါ။ ဘယ်တော့မှ မမုန်းပါနှင့်။



ဘဝဆိုတာ နေပျော်စရာ
တွယ်တာချစ်ခင်ပါ။
မခင်တွယ် ရှောင်ပုန်း
မမုန်းလိုက်ပါနဲ့။

## စာဖတ်သူသို့

- ဤစာအုပ်ကို
  ကျနသေချာ
  ဖတ်ပြီးသောအခါ ...
- ရင်ထဲတွင် ပြောချင်စရာများ
  ရှိလာငြားအံ့။
- တယ်လီဖုန်းဖြင့် ဖြစ်စေ
  စာဖြင့် ဖြစ်စေ
- ပြောဆို ဆွေးနွေး
  ရေးသား ဝေဖန်
  အကြံပြုကြစေချင်ပါသည်။
- စာဖတ်သူ၏ အမြင်ကို
  ကြား သိချင်လှပါ၏။

**ကောင်းသန့်**

အမှတ် ၁၄၇၊ ပ–ထပ်(ဝဲ)၊
၃၇ လမ်း(လယ်)၊ ရန်ကုန်မြို့။
☎ ၂၇၈၃၆၈